# The Change the World
# School of Prayer

# အခန်း (၂)

# ဆုတောင်းသူရဲ့ကောင်း၏အသက်တာ

၁။ လူတစ်ဦးစီကို အသုံးပြုရန် ဘုရားသခင်၏စီမံကိန်း

၂။ မိမိကိုယ်မိမိတိုးတက်စေခြင်းကို အန္တရာယ်ပြုသောအရာများ

၃။ သန့်ရှင်းစွာနေခြင်း၏ တန်ခိုး

၄။ သန့်ရှင်းသောဝိညာဉ်တော်နှင့် မိမိကိုယ်ကိုတိုးတက်စေခြင်း

# အပိုင်း (၁)

# လူတစ်ဦးစီကို အသုံးပြုရန် ဘုရားသခင်၏စီမံကိန်း

Change the World School of Prayer စာအုပ်၏ယခုအစိတ်အပိုင်းသည် ဆုတောင်းသူနှင့်ပတ်သက်သောအပိုင်းဖြစ်သည်။ ဘုရားသခင်သည် လူပုဂ္ဂိုလ်၏အမူအကျင့်ကို အခြေခံပြီး သမိုင်းကိုရေးတော်မူကြောင်း ကျမ်းစာမှ ဖော်ပြထားပါ၏။

(ဝေးလ်ဟော့ရှ်တန်)က "ဘုရားသခင်သည် လူပုဂ္ဂိုလ်၏အမူအကျင့်ကို အခြေခံပြီး သမိုင်းကိုရေးတော်မူသည်"ဟု ပြော၏။ ကမ္ဘာဦးကျမ်းသည် လူရှစ်ယောက်နှစ်ပတ်သက်သည်။ ကျမ်းစာထဲတွင် အချိန်ကာလခေတ်ကာလများကို ဖော်ပြထားသော်လည်း ခေတ်တစ်ခေတ်စီ၏အလယ်၌ လူ၏အကြောင်းကိုရေးထားပါသည်။ ယေဘုယျအားဖြင့် လူသည် ခေတ်ကာလ၏ပင်မအဓိကဖြစ်သည်။ ဘုရားသခင်သည် ဤကမ္ဘာမြေကြီးပေါ်တွင် ကိုယ်တော်၏ရည်မှန်းချက်ကို လူအားဖြင့်ပြီးမြောက်စေပါသည်။ (စိန်အောဂတ်စတင်း)က "ဘုရားသခင်မပါလျှင် ကျွန်ုပ်တို့ဘာမှမတတ်နိုင်ပါ။ ကျွန်ုပ်တို့မပါလျှင် ဘုရားသခင်ဘာမှမလုပ်ပါ။" ဟု ဆိုခဲ့သည်။

ဤအတွေးအခေါ်သည် ကျွန်ုပ်တို့တက်ရောက်သောဘုရားကျောင်းဝတ်ပြုစည်းဝေးတွင် ပိုမိုထင်ရှား သည်။ ထိုအစည်းအဝေးပွဲတွင် ဘုရားသခင်သည် ပျောက်ဆုံးသောသူများထံသို့ မည်သို့ရောက်ရှိနိုင်မည်နည်း။ ထိုင် ခုံများကို ကိုယ်တော်သုံးသလား မဟုတ်ပါ။ ဘုရားသခင်က လူကိုသာသုံးသည်။ ရုပ်ဝတ္ထုပစ္စည်းများကို အသုံးပြုခြင်း အလွန်နည်းပါးသည်။ ဘုရားရှင်၏အကြံတော်သည် လူပုဂ္ဂိုလ်ကိုသာဗဟိုပြုသည်။ ထို့ကြောင့် ဤလေ့လာ ချက်ကဏ္ဍတစ်ခုလုံးသည် ဆုတောင်းခြင်းအားဖြင့် မိမိကိုယ်ကို ဘုရားသခင်အသုံးပြုစေလိုသောသူများအတွက် ဖြစ်ပါ၏။ ကျွန်ုပ်တို့ကြီးထွားလာမှသာ ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် ဘုရားသခင်အလိုတော်ရှိသည့် အတိုင်းအတာအထိ ထိရောက်ပါမည်။ ထိုသို့ ကြီးထွားရင့်ကျက်လာခြင်းကို မိမိကိုယ်မိမိတည်ဆောက်ခြင်းဟုခေါ် သည်။ နောက်ပိုင်းတွင် စွမ်းအားနှင့်ပြည့်စုံသော ဝိညာဉ်ရေးရာကြီးထွားရင့်ကျက်ခြင်းနှင့် အဓိပ္ပါယ်ရှိသော မိမိကိုယ် မိမိတည်ဆောက်ခြင်းတို့အတွက် အရေးကြီးသည့်လိုအပ်ချက်အကြောင်းကိုရေးပါမည်။

(၁) လုံးဝလိုအပ်မှုလိုသည်။

ဝိညာဉ်ရေးရာကြီးထွားတိုးတက်လိုလျှင် လုံးဝပုံအပ်မှုရှိရပါမည်။ (လင်းနက်လဗင်းဟေး)က ကမ္ဘာ့ဧဝံဂေလိလုပ်ငန်း၌ အခက်အခဲများစွာရှိပေသည်။ သို့သော် ပြတ်သားစွာလုပ်ဆောင်သူများကြောင့် ထိုအခက်အခဲများစွာ ပျောက်လွင့်သွားသည်။ ယင်းအတွက် အဖိုးအခများစွာပေးရပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့နှင့်ဖက်စပ်၍ အလုပ်မလုပ်လိုပါ။ ကျွန်ုပ်တို့၏ပိုင်ရှင်သာဖြစ်လိုသည်။ ဖရင်းကွစ်-ကွိုင်းလပ်က "ယေရှုရှင်သည် လောကသားတို့ ကိုကယ်တင်ရာ၌ ကျွန်ုပ်တို့အတွက် ဆုတောင်းပေးခြင်းအားဖြင့်မဟုတ်ပါ။ မိမိကိုယ်ကို ပေးအပ်တော်မူခြင်းအား ဖြင့်ဖြစ်ပါသည်။ ကမ္ဘာ့ဧဝံဂေလိအတွက် ကျွန်ုပ်တို့ဆုတောင်းရာ၌ ကျွန်ုပ်တို့၏အပိုအလျှံလေးကိုသာပေးပြီး မိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံခြင်းမရှိလျှင် ထိုဆုတောင်းချက်ပြည့်ဝလာမည်မဟုတ်ပေ။ ဤအရာသည် ကြီးထွားရင့်ကျက်ခြင်း၏အစဖြစ်မည်။ ယေရှုနှင့် ကျွန်ုပ်တို့တူညီရမည်။ ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ဖြစ်ရန်လိုသည်။ ယေရှု သည် အားလုံးကို စွန့်လွှတ်ပေးအပ်ခဲ့သူဖြစ်သည်။

(၂) ဘုရားသခင်၏အပြစ်လွှတ်ခြင်းကို လက်ခံရန်လိုသည်။

ဝမ်းနည်းဖွယ်ကောင်းသည့်အကြောင်းမှာ အချို့ခရစ်ယာန်များစိတ်အားငယ်နေကြသည်။ အကြောင်းမှာ ဘုရားသခင်၏အပြစ်လွှတ်ခြင်းအကြောင်းကို အပြည့်အဝမသိကြ၍ လက်မခံသောကြောင့်ဖြစ်သည်။ ထိုအခါ ထိုသူတို့သည် ဝိညာဉ်ရေးရာဘက်တွင် တစ်ချိန်လုံးအတိဒုက္ခခံစားကြရသည်။ အကြောင်းမှာ သူတို့ယခုရှိသည့်အခြေအနေအတိုင်း သန့်ရှင်းသောဘုရားသခင်ရှေ့တော်မှောက်သို့ ဝင်ရောက်ရန် မထိုက်တန်ဟု စိတ်ထင်နေကြသောကြောင့်ဖြစ်သည်။ အမည်မသိစာရေးဆရာတစ်ဦးက "သန့်ရှင်းသူများသည် ဘုရားသခင်၏အပြစ်လွှတ်ခြင်းကို ပြည့်ပြည့်ဝဝခံယူကြခြင်းဖြင့် သူတို့၏အပြစ်များ ဆေးကြောခံရသည်သာမက သူတို့၏ဇာတိစိတ်များ၊ သူတို့၏ အတ္တ၊ သူတို့၏ကိုယ်ပိုင်ဆန္ဒအမြင်အားလုံး ဆေးကြောခံရခြင်းဖြစ်ပါသည်။ ဆက်ပြီးပြောရလျှင် သူတစ်ပါး၏ အပြစ်ကို ခွင့်လွှတ်ရာ၌လည်း အပြစ်လွှတ်ခြင်းကို မိမိလက်ခံရယူခဲ့သောပမာဏနှင့် အချိုးညီမျှသောအတိုင်းအတာ အားဖြင့်သာ ခွင့်လွှတ်နိုင်စွမ်းရှိပေသည်။"

ဤနေရာတွင် ကိုယ်တိုင်ရင့်ကျက်ရေးအတွက် အဓိကသော့ချက်ကိုတွေ့ရသည်။ ယေရှုခရစ်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံရာ၌ ကျွန်ုပ်တို့၏အပြစ်အလုံးစုံမှလွှတ်ရန်ဟူသည့်အချက်ကို ကျွန်ုပ်တို့လေးလေးနက်နက်သဘောပေါက်ဖို့ အရေးကြီးသည်။ ဤအပြစ်လွှတ်ခြင်းသည် အပြီးသတ်ဖြစ်သည်။ ယေရှုကိုယ်တိုင်က "အမှုပြီးပြီ" ဟု ပြောခဲ့ပါသည်။ ဤအချက်ကိုလုံးဝယုံကြည်ခံယူမှသာလျှင် ကျွန်ုပ်တို့ရင့်ကျက်သောအသက်တာကို ရလာပါမည်။

(၃) စည်းကမ်းရှိရန်လိုသည်။

စည်းကမ်းရှိမှုသည် မိမိကိုယ်ကိုတိုးတက်စေသော အဓိကအကြောင်းတစ်ခုဖြစ်ကြောင်းပြောဖို့ပင်မလိုပါ။ ခရစ်ယာန်အသက်တာသည် နာခံခြင်းနှင့်စည်းကမ်းသေဝပ်ခြင်းသည်သာ အဓိကပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အမှုဆောင်ရာ၌ လွတ်လပ်မှုနှင့် စိတ်တက်ကြွမှုရှိနေပါသည်။ သို့သော် ဒင်္ဂါး၏အခြားတစ်ဖက်၌ ရှိသောမျက်နှာကို မမေ့အပ်ပါ။ ထိုတစ်ဖက်၌ စည်းကမ်းနှင့်နာခံခြင်းကို တွေ့မြင်ရမည်။ (မက်ဒေါ်နယ်)က ဤစည်းကမ်းအကြောင်းကို သွန်သင်ထားသည်။ "ခရစ်တော်နှင့်တကွပြည့်ဝသောဝမ်းမြောက်ဘွယ်ရာအသက်တာရရှိစေသည့်သော့ချက်ဖြစ်သည်"ဟု ပြောပါသည်။ ခရစ်ယာန်များဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင် နှစ်နှစ်ကာကာရှိမှသာလျှင် အထူးသဖြင့်ခရစ်တော်သွန်သင်ခဲ့သည့် တပည့်တော်ဖြစ်ရေးစည်းကမ်းအကြောင်းကို နားလည်မှသာလျှင် ခရစ်တော်လိုလားတော်မူသည့် ကိုယ်တော်၏သားသမီးများအထဲမှရှိသင့်သောဝိညာဉ်ရေးရာ တိုးတက်ကြီးထွားမှုအတိမ်အနက်အကြောင်းကို ကောင်းစွာသဘောပေါက်လာမည်ဖြစ်၏။

(၄) ကိုယ်ခန္ဓာကို ကျန်းမာအောင်ဂရုပြုရန်လိုအပ်သည်။

ခန္ဓာကိုယ်ကျန်းမာမှသာ ဝိညာဉ်ရေးတိုးတက်ရန်လုပ်ဆောင်ရာ၌လည်း စိတ်ရောကိုယ်ပါဆောင်ရွက်နိုင်သည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာဖျားနာနေချိန် ဆုတောင်းသောအခါ၌ စိတ်ကနာကျင်မှုအပေါ်တွင်ရောက်နေ၍ အပြည့်အအဝအာရုံမပြုနိုင်ပါ။ အချို့ကိစ္စများတွင် လူတို့နာကျင်မှုနှင့်ရောဂါခံစားကြရာ၌ ဝိညာဉ်ရေးမြင့်မားလာစေဖို့ ဘုရားသခင်ခွင့်ပြုခြင်းဖြစ်သော်လည်း များသောအားဖြင့် ကိုယ်ကာယမကျန်းမာမှုသည် မိမိတို့၏အသက်တာငယ်ရွယ်စဉ်ကပင် မိမိတို့ကိုယ်ခန္ဓာကျန်းမာရေးကို ကောင်းစွာဂရုမစိုက်သည့် အခြေအနေမှ ဖြစ်လာရခြင်းဖြစ်ပေသည်။ ယေရှုသည် ဤကိစ္စနှင့်ပတ်သက်ပြီး သူ့တမန်တော်များကို သတိပေးခဲ့သေးသည်။ (လုကာ၊ ၂၁:၃၄) "သင်တို့သည် ကိုယ်ကို

ကိုယ် သတိပြုကြလော့ (သို့) အစားအသောက်လွန်ကျူးခြင်း လောကီစိုးရိမ်ခြင်း" ဤကျမ်းချက်၌ အစားအသောက်လွန်ကျူးခြင်းကို သတိပြုခိုင်းခြင်းမှာ အစားများလျှင် ယုံကြည်သူ၏ ကျန်းမာရေးကို ထိခိုက်စေခြင်းဖြင့် မိမိကိုယ်ကိုကြီးထွားတိုးတက်စေမှုအား အဟန့်အတားဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

(၅) အချိန်ကို အလေးထားရန်လိုသည်။

ဘုရားသခင်အတွက် များစွာလုပ်ဆောင်ပြီးမြောက်ခဲ့သူများသည် အချိန်ကို တန်ဖိုးရှိစွာအသုံးချတတ်သောသူများဖြစ်ကြောင်း သမိုင်းကပြောပြနေပါသည်။ သူတို့သည် မိနစ်တိုင်းကို ဘုရားသခင်အထူးပေးထားသော ဆုကျေးဇူးဖြစ်ကြောင်းခံယူသည်။ (ဂျွန်ဝက်စလေ) (ဂျော့ဝိုက်ဖီး) ကဲ့သို့လူများသည် သတိကြီးစွာနှင့် အချိန်ကို အသုံးပြုကြသည်။ (ဝက်စလေ)သည် အချိန်မှန်မှန်နံနက် ၄:၀၀ နာရီထပြီး ည၁၀:၀၀ နာရီ အိပ်ယာဝင်သည်။ ည ၁၀:၀၀ နာရီအထိ ဧည့်သည်များရှိနေလျှင် သူကယဉ်ကျေးစွာနှင့် "ဂုဏ်အသရေရှိသောလူကြီးမင်းများ၊ ယခုအချိန်သည် လူကောင်းသူကောင်းအားလုံး မိမိတို့ အိပ်ယာထဲတွင် ရောက်နေရမည့်အချိန်ဖြစ်သည်"ဟု ဧည့်သည်များကိုပြော သည်။ ညအိပ်ယာ ဝင်နောက်ကျလျှင် နောက်တစ်နေ့နံနက်၌ အဆင်မပြေမှုများနှင့် တွေ့ကြုံရမည့်အကြောင်း သူသိနေပါသည်။ အချိန်ကို အသုံးပြုရာတွင် ခရစ်ယာန်များအတွက် အကြီးဆုံးသောအမှားတစ်ခုမှာ အသေးအဖွဲကိစ္စ၌အကျယ်ချဲ့နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ပန်းတိုင်ကိုရောက်ရန် ထိုအချက်ကို ဂရုစိုက်ဖို့လိုပေသည်။ (သောမက်ကယ်လေ)ကဤအကြောင်း ကို တိုတိုကလေးနှင့် မှတ်ချက်ချသည်။ "ကျွန်ုပ်တို့သည် ကားတိုင်တစ်ခုစီတိုင်းပေါ်၌သွား၍ အသေမခံနိုင်ပါ။"

(၆) အသစ်သောစိတ်သဘောလိုအပ်သည်။

မိမိကိုယ်ကို ရင့်ကျက်ကြီးထွားအောင်ပြုလုပ်ရန် "ကျန်းမာစေသောအတွေးအခေါ်"၏ တန်ခိုးကို ကျွန်ုပ်တို့ဘယ်သောအခါမျှ အထင်မသေးသင့်ပါ။ ဤဘာသာရပ်သည် ကျွန်ုပ်တို့၏ စိတ်ထဲဝင်ရောက်လာသောအရာကို သတိထား၍စောင့်ကြပ်ခြင်းကိုဆိုလိုသည်။ ဓမ္မသစ်ကျမ်းစာတွင် ပါရှိသော "နောင်တရခြင်း"ဟူသော စကားလုံး၏အနက်တစ်မျိုးမှာ "အခြားသောစိတ်သဘောကိုရခြင်း"ဟု ဆိုလိုသည်။

အမှန်မှာ အကောင်းမြင်ဝါဒသည် မိမိကိုယ်ကိုကြီးထွားသန်စွမ်းဖွံ့ဖြိုး၍ အဆိုးမြင်ပါသည်။ ဝိညာဉ်ရေးရာရင့်ကျက်မှုကို အဟန့်အတားကြီးစွာဖြစ်စေသည်။ (နော်မန်- ဗင်းဇင့်ပီးလ်)က "နာကြည်းခြင်း၊ မုန်းတီးခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ မကောင်းကြံခြင်း၊ မနာလိုစိတ်၊ ကလဲ့စားချေတတ်သည့်စိတ်" စသည့် စိတ်ထားမျိုးရှိသူသည် မကျန်းမမာဖြစ်တတ်သည်ဟူသော ဆရာဝန်များ၏ကောက်ချက်ကို စဉ်းစားဆင်ခြင်တတ်သော သူတိုင်းကလက်ခံသည်။ စိတ်ထဲမှ ဒေါသအမျက်များသည် စိတ်လှုပ်ရှားမှုကြောင့် သွေးအစာအိမ်ထဲဝင်သွား၍ အစာအိမ်ရောဂါဖြစ်တတ်သည်။ စိတ်လှုပ်ရှားမှုမှပေါက်ကွဲထွက်လာခြင်းကြောင့် ကိုယ်ခန္ဓာအတွင်း၌ဓာတ်တုံ့ပြန်မှုများဖြစ်လာ၍ နောက်ဆုံး၌ရောဂါဖြစ်တတ်ပါသည်။ ဤကဲ့သို့အဖြစ်မျိုး ပြင်းထန်စွာအဆက်မပြတ်ဖြစ်လာလျှင်ဖြစ်စေ၊ အချိန်ကာလတစ်ခုအထိတဖြေးဖြေးချင်းစုဝေးလျက်ရှိနေလျှင်ဖြစ်စေ ကိုယ်ခန္ဓာ၏အခြေအနေသည် ယေဘုယျအားဖြင့် ဆုတ်ယုတ်လျက်ရှိနေမည်ဖြစ်သည်။

(၇) မှန်သောစိတ်ထားလိုအပ်သည်။

ကျမ်းစာ၌ ဘုရားသခင်သည် အသက်(၈၀)အရွယ်ရှိလူတစ်ဦးကို ရွေးကောက်၍ သဲကန္တာရနှင့် တောအုပ်များကို ကျော်ဖြတ်ပြီး ကတိထားတော်မူသောပြည်သို့ ထောင်ပေါင်းများစွာသောသူ့လူမျိုးကို ပို့ဆောင်စေကြောင်းကို

ဖတ်မိသောအခါ စိတ်ရှုပ်ထွေးမှုဖြစ်စေပါသည်။ အဘယ်ကြောင့် ဤအမှုအတွက် အိုမင်းလျက်ရှိသော မောရှေကို ရွေးရသနည်း။

(တောလည်၊ ၁၂:၃) "မောရှေသည် မြေကြီးပေါ်မှာရှိနေသောသူအပေါင်းတို့ထက် သာ၍နူးညံ့သိမ်မွေ့သော သဘောရှိ၏" ယင်းကြောင့် မောရှေအားကြီးမားသောတာဝန်ကို ဘုရားသခင်ပေးအပ်တော်မူခြင်းဖြစ်သည်။ ပေါလု အပါအဝင်အခြားမည်သူထက်မဆို သမ္မာကျမ်းစာ၌ မောရှေကပို၍များပြားစွာ ရေးသားပြုစုခဲ့ပေသည်။ သူအဘယ် ကြောင့်ရွေးချယ်ခံရကြောင်းသိရှိရန် မခက်ပါ။ မောရှေသည် နာခံတတ်ခြင်းကြောင့် သူ၏ဘုရားသခင်က အားထားနိုင် ပေသည်။ မှန်သောစိတ်ထားရှိသူသည် အစဉ်နားထောင်တတ်ပါသည်။

ဒံယေလသည်လည်း ဤစိတ်သဘောမျိုးရှိသည်။ ကျမ်းစာကဗာဗုလုန်ရှိရှင်ဘုရင်များ၊ ခေါင်းဆောင်များ ထက်သူသည် ပို၍ ချီးမြှောက်ခံတော်မူသည်ဟု ပြောထားပါသည်။ ချီးမြှောက်ခံရသည့်အကြောင်းကိုလည်း ပြောပါ ၏။ အချို့က ဒံယေလဆုတောင်းသောကြောင့်ဟု ပြောကြသည်။ သို့သော်ဤအဖြေသည် ဘုရားသခင်၏နှုတ်ကပတ် တော်မှ ရှင်းပြချက်အပြည့်အစုံနှင့်တူညီခြင်းမရှိပါ။

(ဒံယေလ ၆:၃) "ထူးဆန်းသောဉာဏ်တော်နှင့် ပြည့်စုံ၍ မြို့ဝန်တကာဝန်ကြီးတကာတို့ထက် လွန်ကဲသော ကြောင့် နိုင်ငံတော်တစ်နိုင်ငံလုံးကို သူ့၌အပ်နှင်းမည်ဟု ရှင်ဘုရင်သည်အကြံရှိတော်မူ၏။"

ဘုရားသခင်အတွက် အသုံးခံမည်ဆိုလျှင် အရာရာတိုင်း၌မိမိကိုယ်ကိုမိမိ ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ဖို့လို အပ်သည်။ ထိုထူးဆန်းလွန်ကဲသောဉာဏ်အထိတိုးတက်ရရှိအောင်မကြိုးစားသောသူသည် ဘယ်သောအခါမှ ကြီး ထွားရင့်ကျက်သူဖြစ်မည်မဟုတ်ပေ။

(၈) ရိုးသားဖြောင့်မတ်ခြင်းရှိဖို့လိုအပ်သည်။

(ဇဝံဂေလိ-ဂျေ-ခရပ်ဇာ)ရေးသော "ဆုတောင်းခြင်းသည်"ဟူသော စာအုပ်၌ "ဘုရားသခင်ထံသို့သွားလျှင် မိမိ ၏အတ္တ မိမိ၏ဆန္ဒများကို ကျော်ဖြတ်ပြီးမှ ရောက်သွားရ၏"

ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်အထံသို့သွားရာ၌ မိမိလက်ရှိအခြေအနေအတိုင်း သွားရောက်တတ်သောစိတ် သဘောထားရှိခြင်းသည်သာလျှင် ကျွန်ုပ်တို့ဖြစ်သင့်သည့်အတိုင်း တိုးတက်အောင်ဘုရားသခင်ကကျွန်ုပ်တို့ကိုပြုလုပ် လာစေနိုင်သည်။ ဤကဲ့သို့ဖြစ်နိုင်ရန်မှာ ကျွန်ုပ်တို့စိတ်စေတနာရိုးသားဖြူစင်ဖို့လိုအပ်သည်။ ဤနေရာတွင် မိမိကိုယ် ကို ဖွံ့ဖြိုးတိုးတက်စေသည့်အခြားအရေးကြီးသည့်အချက်တစ်ခုကို တွေ့ရပါသည်။ ထိုအချက်သည် တော်တက်မှန် ကန်ခြင်း (သို့မဟုတ်) ရိုးသားဖြောင့်မတ်ခြင်းဖြစ်သည်။ ခရစ်တော်၌မိမိတို့တစ်ဦးစီ စုံလင်စွာတိုးတက်လိုလျှင် စိတ် ရောဂါဆိုင်ရာကုထုံး(စိတ်ကုထုံး) ဆရာကြီး(ဖရန်းစစ်-ဂျီ-ဝစ်ခစ)အကြံပေးသည့်အတိုင်း မိမိကိုယ်မိမိ လှည့်စားနေမှု များအားလုံး ဖယ်ချွတ်ပြီးသကာလ မိမိသည်မည်ကဲ့သို့သောသူဖြစ်သည်ကို အမှန်အတိုင်း သိမြင်လာအောင်ကိုယ်ကို ကိုယ်ပွင့်လင်းစွာ ပြန်ကြည့်ဖို့လိုပေသည်။

(၉) ဇာတိကို အသေသတ်ရန်လိုသည်။

ဝီလီယံ-ပါကာ နှင့် အီလင်းစိန့်ဂျွန်၏ "ဆုတောင်းခြင်းသည် သင့်အသက်တာကို ပြောင်းလဲစေနိုင်သည်"ဟူ သည့် စာအုပ်ထဲတွင် (အစီစီ) မြို့တော်ကြီးမှ ကြွယ်ဝသော ကုန်သည်ကြီးတစ်ဦး၏သား(ဖရင်စက်စကို-ဒီဗီထရို-ဘာ နာဒုန်း) အကြောင်းကို ရေးထားသည်။

တစ်နေ့တွင် ဖရင်စက်စကိုသည် ဖုံထူသောလမ်းပေါ်၌ မြင်းစီးသွားစဉ်သေခါနီးလူနူတစ်ဦးကိုတွေ့လိုက်ရ သည်။ လူမှုရေးမှထုတ်ပယ်ခံရသော ထိုသူ၏အနာများကို သူတွေ့ရသောအခါ သူအလွန်စိတ်ထိခိုက်တုန်လှုပ်သွား

သည်။ ထိုကဲ့သို့စိတ်မျိုး ဖြစ်ပေါ်လာကြခြင်းမှာ သဘာ၀အတိုင်းဖြစ်သော်လည်း ဖရန်စက်စကိုအတွက် သူ့စိတ်အတွင်း အလင်းရောင်တစ်ခုဖြတ်သန်းသွားသည်။ သူ့အာရုံထဲတွင် ယေရှုခရစ်တော်သူ့ကို ကြည့်နေသည်ဟု မြင်ယောင်နေသည်။ ထို့ကြောင့်သူသည် မြင်းပေါ်ကဆင်းပြီး သူ့၌ပါလာသမျှ ပိုက်ဆံအားလုံးကို ထိုသူလက်ထဲသို့ထည့်ပြီး ကြင်နာစွာတချက်နမ်းလိုက်သည်။ ထိုအချိန်၌ပင် ဖရန်စက်စကို၏ဇာတိသေသွားကာ နောက်ပိုင်းတွင် စိန့်ဖရန်းစစ်အစီစီ အဖြစ်ပြန်လည်ရှင်လာသည်။

ဇာတိသေခြင်းဆိုသည့်အဓိပ္ပါယ်ကားအဘယ်နည်း။ (လီအိုနပ်-လဗင်ဟေး)က ဇာတိသေသောသူ၌ ရည်မှန်းချက်မရှိတော့ချေ။ ထို့ကြောင့် ဘာကိုမှမနာလိုစိတ်လည်းမရှိတော့ပါ။ သူ့၌ကျော်ဇောမှုမရှိ၍ ဘာကိုမှတိုက်ခိုက်ရယူစရာမလိုတော့ပါ။ သူ၌ပိုင်ဆိုင်မှုပစ္စည်းဥစ္စာမရှိ၍ ပူပန်သောကပွားစရာ ဘာမှမလိုပါ။ သူ၌အခွင့်အာဏာမရှိ၍ မတရားမှုကို ခံစရာအကြောင်းမရှိတော့ပါ။ သူသေပြီးဖြစ်သောကြောင့် သူ့ကိုမည်သူမျှမသတ်နိုင်တော့ပါ။"

အမှန်မှာ ကျွန်ုပ်တို့သေရန် သင်ယူမှုသာလျှင် တကယ်အသက်ရှင်နိုင်ရန် ဖြစ်သည်။ မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇာတိသေရန် အထူးအရေးကြီးလှပေသည်။

(၁၀) ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာအဟုန်တိုးပွားလာရန် လိုအပ်သည်။

ဤရာစုနှစ်ဦးပိုင်းတွင် (ဟင်နရီဒရမ်းမန်း)သည် လာရောက်စုရုံးကြသောလူငယ်သာသနာပြုများကို (၁ကော၊ ၁၃) အကြောင်းကို တန်ခိုးနှင့်ပြည့်ဝစွာဖြင့် ဟောသည်။ "ဓမ္မဟောင်းကာလတွင် ကောင်းကင်နိုင်ငံလက်မှတ်ရရန် ပညတ်တော်ဆယ်ပါးကျင့်စဉ်နှင့် ကျင့်ရသည်။ လူအများတို့ ထိုအချက်ကို လိုက်မမှီကြပါ။ ယေရှုက ငါသင်တို့ကို လွယ်ကူရိုးသားသောနည်းလမ်းကိုညွှန်ပြမည်။ သင့်စိတ်နှလုံးမှချစ်တတ်လျှင် သင်ဘာမျှ သတိမထားမိဘဲနှင့် ထိုပညတ်တော်အားလုံးကို သင်ဖြည့်ဆည်းလိုက်လေပြီ။"

ထိုတရားဟောချက်သည် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာအဟုန်တိုးပွားရန် အရေးကြီးကြောင်း နှိုးဆော်ထားသည်။ "အကယ်၍ လူသည်အချင်းချင်းချစ်လျှင် လူမသတ်နှင့်ဟုပြောရန်လုံး၀မလိုတော့ပါ။ မခိုးနှင့်ဟုပြောမိလျှင် သူ့ကိုစော်ကားရာကျသွားမည်။ သူ့အိမ်နီးချင်းနှင့်ပတ်သက်၍ မမှန်သောသက်သေမခံနှင့်ဟု သင်သွားပြောလျှင် သင့်စကားအပိုဖြစ်သွားပေမည်။ လူတစ်ယောက်က အခြားတစ်ယောက်ကိုချစ်လျှင် ထိုသူအတွက် အဘယ်အရာမဆိုပြုလုပ်ပေးမည်ဖြစ်ပါသည်။

(ဒရမ်မွန်)သည် ချစ်ခြင်းမေတ္တာ၏ရောင်ခြည်ကိုးမျိုးကို ခွဲခြားစိတ်ဖြာပြပါသည်။ ယင်းတို့မှာ သည်းခံခြင်း၊ ကြင်နာခြင်း၊ စေတနာထက်သန်ခြင်း၊ နှိမ့်ချခြင်း၊ ရိုသေကိုင်းရှိုင်းခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ စိတ်ထားကောင်းခြင်း၊ လိမ်ညာမှုကင်းမဲ့ခြင်းနှင့် ရိုးဖြောင့်ခြင်းတို့ဖြစ်ပါသည်။ ဤအချက်များသည် လူတို့နှင့်၎င်း အသက်ရှင်ခြင်းနှင့်ပတ်သက်သည်။ သင်မရှိနိုင်သော ထာ၀ရကာလနှင့်တော့ ပတ်သက်မှုမရှိပေ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာအကြောင်းကို ကျွန်ုပ်တို့များစွာကြားရသည်။ ခရစ်တော်သည် လူများကိုချစ်ခြင်းမေတ္တာအကြောင်းများစွာ ပြောကြားခဲ့သည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံနှင့်ငြိမ်းချမ်းရေးများစွာလုပ်သကဲ့သို့ ခရစ်တော်ကလည်း ဤမြေကမ္ဘာနှင့်ငြိမ်းချမ်းရေးများစွာ လုပ်ခဲ့ပါသည်။

(ဒေါက်တာခါးလ်မက်နင်ဂျာ)၏ "အချစ်ဆန့်ကျင့်ဘက်အမုန်း"ဟူသည့် စာအုပ်တွင် ဤအကြောင်းကိုပညာသားပါပါနှင့် အားလုံးခြုံငုံ၍ရေးထားသည်။ "ကျွန်ုပ်တို့ကတကယ်အပြည့်အ၀ချစ်နိုင်လျှင် မှတ်ကျောက်စံချိန်ဖြစ်မည်။ ချစ်မေတ္တာသည် ယခုခေတ်ပေါ်လူ့စိတ်မနောကို ကုစားသောဆေးရုံ၌ ဆေးဝါးကုသမှုအစီအစဉ် တစ်ခုလုံး၏သော့ချက်ဖြစ်ပါသည်။ ချစ်မေတ္တာသည် လောကီသားတို့ခံစားရသော ဝေဒနာအတွက် ဆေးဝါးဖြစ်သည်။"

# အပိုင်း (၂)

# မိမိကိုယ်မိမိတိုးတက်စေခြင်းကို အန္တရာယ်ပြုသောအရာများ

မိမိကိုယ်မိမိတိုးတက်စေခြင်းနှင့်ဆိုင်သော အကြောင်းအချက်များစွာကို ကျွန်ုပ်တို့ဝေငှပြီးဖြစ်သော်လည်း ထိုတိုးတက်မှုကိုအန္တရာယ်ပြုသောအချက်များလည်းရှိနေပါသေးသည်။ ခရစ်တော်၌ ကြီးထွားရင့်ကျက်လာသော ကျွန်ုပ်တို့၏တိုးတက်မှုအခြေအနေကို ဟန့်တားရန်စာတန်သည် အမျိုးမျိုးသောနည်းများနှင့်ကြိုးစားနေသည်ကို ကျွန်ုပ်တို့သတိကြီးစွာထားဖို့လိုပေသည်။ ထိုအရာများသည် ကျွန်ုပ်တို့ဆုတောင်းရာ၌ တန်ခိုးပါဝင်မှုကို ကြီးစွာအဟန့်အတားပြုလျက်ရှိသည်။

(၁) ကြောက်တတ်သော အန္တရာယ်

ပထမလေးချက်ကို (ဝီလီယမ်-အာရ်ပါကားနှင့် အီလင်းစိန့်ဂျွန်း)ရေးသော "ဆုတောင်းခြင်းသည် သင်၏အသက်တာကိုပြောင်းလဲစေနိုင်သည်"ဟူသည့် စာအုပ်ထဲမှ ကောက်နှုတ်ထားသည်။ ယင်းအချက်များသည် မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်စေခြင်းအား အနှောင့်အယှက်ပေး၍ အန္တရာယ်ပြုလျက်ရှိသည်။ တန်ခိုးပါသောဆုတောင်းခြင်းမရရန်အနှောင့်အယှက်ပြုနေသော ပထမဆုံးအရေးကြီးသော အန္တရာယ်မှာကြောက်တတ်ခြင်းဖြစ်သည်ဟု စာရေးဆရာကပြောပါသည်။ ကျွန်ုပ်တို့အယောက်စီတိုင်း ဤပြဿနာနှင့် ဦးစွာရင်ဆိုင်ကြရသည်။ ဆေးပညာတွင်လူသိများသည့် အကြောင်းတစ်ရပ်မှာ ကြောက်စိတ်ဖြင့် (အင်ဒိုခရိုင်အကျိတ်)များကို ထိခိုက်စေ၍ ထိုမှတဆင့် လူကိုယ်တစ်ကိုယ်လုံး၏ အင်္ဂါအစိတ်အပိုင်းလုပ်ငန်းများ၊ ကမောက်ကမဖြစ်စေခြင်းပင်ဖြစ်သည်။ ယေဘူယအားဖြင့် ကျွန်ုပ်တို့မွေးဖွားလစဉ်က ကြောက်ရွံ့ခြင်းနှစ်မျိုးပါလာသည်။ ကျရှုံးမည်ကို ကြောက်ရွံ့ခြင်းနှင့်ကျယ်လောင်သောအသံကို ကြောက်ခြင်းတို့ဖြစ်ကြပါသည်။ ကျွန်ုပ်တို့အရွယ်ရောက်လာသောအခါ များပြားလှစွာသော ကြောက်ရွံ့ခြင်းများရှိလာကြပါသည်။ အမှောင်၊ အမြင့်၊ ထွက်ပေါက်မရှိသည့်အခန်း၊ အိပ်ယာဝင်ရမည့်အရေးတို့ကို ကြောက်လာသည်။ မြွေ၊ ကင်း၊ ရေဘေး၊ သေဘေးနှင့် အခြားအရာများကို ကြောက်လာကြသည်။"

စာရေးဆရာကကြောက်ရွံ့ခြင်းသည် ဖိနှိပ်ချုပ်ချယ်မှုအလုံးစုံတို့၏ နောက်ကွယ်မှ တွန်းအားပေးသော စွမ်းအားဖြစ်သည်ဟု ပြောသည်။ မိမိအပြစ်ကို သိပြီး ကြောက်ခြင်း၊ မိမိလုပ်ရပ်ပေါ်မည်ကိုကြောက်ခြင်း၊ အနိမ့်ခံအရှက်ခွဲခံရမည်ကို ကြောက်ခြင်းစသော အရာများသည် ကြီးစွာထိခိုက်ဆုံးရှုံးစေနိုင်ပါသည်။ အဆုံးစွန်ပြောရလျှင် ကြောက်စိတ်သည် ကိုယ်ခန္ဓာ၌ လိုအပ်နေသောအင်အားကို ခမ်းခြောက်စေသည်။ ယင်းကကိုယ်ခန္ဓာသို့ ပြန်ဖြည့်ပေးသော ပမာဏထက် ပိုမိုကုန်ခမ်းစေပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာထဲတွင် ရှိသော(ဆဲလ်)ကလပ်စည်းများ ထိခိုက်ကုန်ကြရသည်။ ထို့ကြောင့် ကိုယ်ခန္ဓာထဲတွင် ရှိသော(ဆဲလ်)ကလပ်စည်းများ ထိခိုက်ကုန်ကြရသည်။ ထို့ကြောင့် မိမိကိုယ်ကိုတိုးတက်စေခြင်းအားကြီးမားစွာအန္တရာယ်ဖြစ်စေသည့် ကြောက်ရွံ့ခြင်းအား ကျော်လွှားအောင်မြင်စေရန် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆင်ခြင်ခြင်းတို့ကို များများပြုလုပ်ဖို့လိုအပ်သည်။

(၂) မိမိအပြစ်ရှိသည်ဟု ထင်သောအန္တရာယ်

ဤအချက်သည် လူတစ်ဦးချင်း၏ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်နေစိတ်ထားတိုးတက်ရေးအား အန္တရာယ်ကြီးစွာ ပြုနေပါသည်။ မိမိအပြစ်ကိုပြန်လည်သိလာသည့် သာမန်အသိစိတ်ထားမျိုးကို လက်ခံရပေမည်။ ပက်ကာနှင့်စိန့်

ဂျွန်က "အကယ်၍ ကျွန်ုပ်လိမ်ညာ၍ဖြစ်စေ၊ မိမိအပြစ်ရှိသည်ဟု စိတ်တွင်းမှခံစားရလျှင် ထိုအရာသည် မိမိစိတ်က လှည့်စားခြင်းမဟုတ်၍ ယင်းကိုဖယ်ရှားပစ်ရန်မလိုပါ။ မိမိမှားခဲ့သည့်အရာနောက်သို့ ဤသာမန်စိတ်အသိက လိုက်လာရပေမည်။ စိတ်ဆင်းရဲနေခြင်းသည် ကိုယ်ခန္ဓာအနောတရဖြစ်သကဲ့သို့ပင် ကျွန်ုပ်တို့အထဲ၌တစ်ခုခုချို့ယွင်းနေကြောင်း သတိပေးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ကျန်းမာစေဖို့အတွက် လိုအပ်သောပုံစံသစ်များကို လိုက်နာခံယူလာစေရန် မိမိအပြစ်ကိုသိသောထိုစိတ်သဘောက ပြုပြင်ပေးပါသည်။"

အကျဉ်းချုပ်ပြောရလျှင် မိမိအပြစ်ကိုပြန်မြင်လာခြင်းသည် ကုသပေးသောအရာဖြစ်ပြီး ဒုစရိုက်အပြစ်မှုကား သတ်ပစ်တတ်သောအရာဖြစ်ပေသည်။ ဒုစရိုက်အပြစ်ကို အတွေးထဲ၌ အကျယ်ချဲ့လာလျှင် ကြီးစွာသောပျက်စီးဆုံးရှုံးမှုနှင့်တွေ့ကြုံနိုင်သည်။ ပါကားနှင့် စိန့်ဂျွန်းကအရက်သမားတစ်ဦး၏ဇနီးအကြောင်းကို တင်ပြထားသည်။

သူ့ယောကျ်ားသူ့ကြောင့်အရပ်သမားဖြစ်ရသည်။ ထို့အတွက်သူ့မှာ အပြစ်ရှိသည်ဟု စိတ်ထဲခံစားရပြီး စိတ်ဖောက်ပြန်သွားပါသည်။ လူအများတို့သည် မိမိတို့ပြန်လည်ဝန်ချတောင်းပန်ခြင်းမပြုရသေးသောအပြစ်ကြောင့် စိတ်ပူပန်မှုများဖြစ်ကြသော်လည်း ယခုဖြစ်ရပ်မှာမူ တဘက်စွန်းကျလွန်းလှပါ၏။

(ရောမ၊ ၈:၁) "ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။"

ထို့ကြောင့် ခရစ်ယာန်များအပြစ်ပြုမိခြင်းကြောင့် ထိခိုက်ခံစားရလျှင် ထိုအပြစ်များကို မိမိအပေါ်သို့ ကျရောက်စေခြင်းဖြစ်သည်။ ဒါက ဘုရားသခင်က သင့်ကိုလက်ညှိုးထိုးခြင်းကြောင့် မဟုတ်ပါ။ ပြီးခဲ့သောအပြစ်များကို ဘုရားထံတော်သို့ ဆုတောင်းခြင်းဖြင့် ဆက်ကာဆက်ကာယူလာရန်မလိုပါ။ ထိုအပြစ်များကို သူလုံးဝမေ့လိုက်ပြီဖြစ်ပါ၏။ (ဟေဗြဲ၊ ၈:၁၂) "ထိုအခါငါသည် သူတို့အပြစ်များကိုသည်းခံမည်၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" ယုံကြည်သူတစ်ယောက်သည် အပြစ်တစ်မျိုးတည်းကို အကြိမ်နှစ်ဆယ်မြောက်ပြစ်မှားပြီး ဘုရားသခင်ထံသို့ သွား၍ "ကိုယ်တော်ကျွန်ုပ်ထိုအပြစ်ကို တဖန်လုပ်မိပြန်ပါပြီ" ဟုပြောလျှင် ဘာအပြစ် ကို ပြန်လုပ်သလဲဟု ကိုယ်တော်ကမေးမည်။ သူ ထိုအပြစ်များကိုမေ့ပစ်ပြီး၊ ခွင့်လွှတ်ပြီဖြစ်သည်။ ကျွန်ုပ်တို့အပြစ်ကို ဝန်ချတောင်းပန်ရမည်မှန်သော်လည်း သူ့ဘက်ကခွင့်မလွှတ်မည်ကို စိတ်မပူပါနှင့်။ ဘုရားသခင်၏ အပြစ်လွှတ်ခြင်းကို လက်ခံဖို့လိုကြောင်း အစောပိုင်းကရှင်းပြခဲ့ပြီး ဖြစ်သည်။ ယင်းသို့လက်ခံပြီးမှသာလျှင် ဤအန္တရာယ်ပြေပျောက်သွား မည်ဖြစ်ပါ၏။

(၃) မိမိကိုယ်မိမိ စိတ်အားငယ်တတ်သော အန္တရာယ်

ပါကားနှင့်စိန့်ဂျွန်းက မိမိကိုယ်ကိုတိုးတက်ရန် လုပ်ဆောင်ရာတွင် အန္တရာယ်ဖြစ်စေသောအကြီးမားဆုံးအချက်ထဲ၌ ဤအချက်လည်းပါပါသည်ဟု ပြောပါသည်။ လူ၌မိမိကိုယ်ကိုအထင်ကြီးသည်ဟူသည့် စိတ်ထားမျိုးမရှိပေ။ ၎င်းအစား မိမိကိုယ်ကိုသာ စွဲလမ်းတတ်သောသဘော၊ တကိုယ်ကောင်းဆန်တတ်သောစိတ်ထားမျိုးသာရှိသည်။ မိမိကိုယ်ကိုအထင်ကြီးတတ်သော စိတ်သဘောရှိခြင်းမှာ မိမိသည်အခြားသူများနှင့် မထိုက်တန်ဟူသည့်အတွေးကို ဖုံးကွယ်ရန်အတွက်ဖြစ်သည်။ ထိုအဖြစ်မျိုးဖြစ်လေ့ရှိသည်။ ဆေးပညာရှင်များ၏စစ်ဆေးအတည်ပြုချက်အရ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အဆင့်နိမ့်နိမ့်ပင်သဘောထားသည်ဟု စိတ်ကျန်းမာရေးဆိုင်ရာက ဖွင့်ပြထားသည်။ အဘယ်ကြောင့်နည်း။ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းတစိတ်တဒေသမှာ စိတ်ဓါတ်ကျခြင်း၊ စိတ်ဆင်းရဲခြင်းတို့က ဝိညာဉ်ကြီးထွားမှုကို ဟန့်တားထားခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အများစုမှာ တချိန်သောအခါက အသက်တာ၌ကဲ့ရဲ့ခံရ အနှိမ် ခံရ၊ မြည်တွန်တောက်တီးခြင်းခံခဲ့ရသူများချည်းဖြစ်ပါသည်။

မိမိကိုယ်မိမိ သိမ်ငယ်သည်ဟု ထင်တတ်ခြင်းသည် လူတစ်ဦးရင့်ကျင့်ကြီးထွားစေမှုကို မည်ကဲ့သို့ အတားအဆီးဖြစ်စေနိုင်ကြောင်း ဖော်ပြပါမည်။ မိမိကိုယ်မိမိဘာမှမဟုတ်ဟု တချိန်လုံးစိတ်ထဲစွဲနေလျှင် ထိုသူသည် အလကားလူဖြစ်သွားသည်။ ဘုရားသခင်ခေါ်ယူစေခိုင်းတော်မူသောလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ရန် မိမိကိုယ်ကိုယုံစားမှု မရှိတော့ပါ။ ထိုအန္တရာယ်များကို ကျော်လွှားအောင်မြင်ရန် ဆုတောင်းခြင်းသည် အလွန်အရေးပါကြောင်း မဤအချက်၌ထင်ရှားသည်။ လူတစ်ယောက်၏စိတ်နှလုံးသို့ စကားပြောရာ၌ ဘုရားသခင်၏စကားသည် သူ့မိတ်ဆွေတို့၏စကားထက် ပို၍ညင်သာကြောင်းသိပါ။ နောင်တစ်ချိန်ချိန်တွင် လူတစ်ယောက်ကသင့်ကို တိုက်ခိုက်ပြောဆိုသောအခါ ဤအတွေ့အကြုံကို သတိက သင့်ခံစားချက်ကို ပေးပျောက်နိုင်ကြောင်းသိလာမည်။ ဘုရားသခင်ကလူတစ်ယောက်ကို ထိုသူအရေးကြီးသည်ဟုစိတ်ထဲတွင် ပေါ်လာရန်ပြုလုပ်တတ်သည်။ ဘုရားသခင်နှင့်အချိန်ကြာမြင့်စွာဆက်သွယ်မှသာလျှင် ထိုအားငယ်သောစိတ် လွင့်ပျောက်ပြီး မိမိကိုယ်ကိုယုံစားသောစိတ် တစ်ဖန်ပြန်ဝင်လာမည်ဖြစ်ပါ၏။

(၄) မုန်းတီးခြင်းအန္တရာယ်

ဤအချက်သည် စတုတ္ထအန္တရာယ်အပေးဆုံးအချက်ဖြစ်သည်။ ဆွေးနွေးပွဲတွင် မုန်းတီးခြင်းကို "လမ်းမှားသောအချစ်"ဟု အမည်ပေးထားပါ၏။ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း၊ မိမိကိုယ်ကိုပြန်လည်သုံးသပ်သောအခါ ချစ်ခြင်းသဘောကိုဗဟိုပြုပြီးဆုံးဖြတ်ရသည်။ ချက်ခြင်း၏အခြားတစ်ဖက်တွင် မုန်းတီးခြင်းရှိသည်။ တည့်တည့်ပြောရလျှင် သူတစ်ပါးအပေါ်ဖြစ်ပေါ်တတ်သော ခံစားချက်သုံးမျိုးသာရှိပါသည်။ သူတို့ကိုချစ်မည် သို့မဟုတ် မုန်းမည် သို့မဟုတ် လျစ်လျူရှုထားသည့် စိတ်သဘောထားသုံးမျိုးသာရှိသည်။ မုန်းခြင်းနှင့် လျစ်လျူရှုခြင်း (ခံစားမှုမရှိခြင်း)တို့က လူ၏စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ဖျားနာစေတတ်၊ သေစေတတ်ပါ၏။

ဤနေရာတွင်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းသည် အဓိကအဖြေပေးကြောင်းသိရသည်။ သူတစ်ပါးကိုတစ်ချိန်လုံး ဝေဖန်သူသည် တစ်ချိန်လုံးဆုတောင်းတတ်သူမဟုတ်ပါ။ ဆုတောင်းခြင်းအားကြီးပြီး တစ်ချိန်တည်းတွင် အမျက်ဒေါသကြီးလွန်းသည်ဟူသည့် လူမျိုးမရှိပါ။

(၅) ခွင့်မလွှတ်သော သဘော၏အန္တရာယ်

မိမိကိုယ်ကို တိုးတက်ကြီးထွားအောင်ပြုရေးတွင် စိတ်ထားမှန်ကန်မှုအရေးကြီးကြောင်းပြောခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင် ထိုအချက်နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ခါးသီးမှု၊ စိတ်မကျေနပ်မှု၏အန္တရာယ်ကိုအဓိကထား၍ တင်ပြပါမည်။ ယေရှုက ကျွန်ုပ်တို့၏ဆုတောင်းချက်များ အဖြေရရှိလိုလျှင် သူတစ်ပါ၏အပြစ်ကို စိတ်ရောကိုယ်ပါ ခွင့်လွှတ်ရမည်ဟုပြောသည်။ သူတို့အပြစ်ကို ခွင့်လွှတ်သင့်သည်ဟူ၍မတင်မကျမပြောခဲ့ပါ။ (မာကု၊ ၁၁:၂၅) "သင်တို့သည် ဆုတောင်းသောအခါ သူတစ်ပါးအပြစ်တင်ခွင့်ရှိလျှင် သူ့အပြစ်ကို လွှတ်ကြလော့။ လွှတ်လျှင်ကောင်းကင်ဘုံ၌ရှိတော်မူသောသူတို့၏အဖသည် သင်တို့၏အပြစ်ကိုခွင့်လွှတ်တော်မူမည်" သူတစ်ပါးနှင့်ခိုက်ရန်ဖြစ်တတ်သော ခါးသီးတတ်သော သဘောသည် ဆုတောင်းခြင်းအဖြေရရှိမှုကို အဟန့်အတားဖြစ်စေသည်။ ထိုအကြောင်းကို (ဂျိန်းအမ်မစန်) က အင်္ဂလန်ကဗျာလေးနှင့် ရေးသားဖွဲ့ဆိုထားသည်။

# တံခါးခေါက်သံကျွန်ုပ်ကြားရသည်

"သခင်ယေရှုဝင်ခဲ့ပါ" ကျွန်ုပ်ပြောသောအခါ
ကိုယ်တော်က "တံခါးသော့ခတ်ထားသည်"တဲ့။
ကျွန်ုပ်သော့သွားဖွင့်သည်။
တံခါးလက်ကိုင်မှ ဖွင့်လိုက်သံကြားရသည်။
အလင်းရောင်လေးတစ်ခုတွေ့လိုက်ရသည်။
"သခင်ယေရှုအထဲဝင်ပါ - အထဲဝင်ပါ။"
ကိုယ်တော်က "တံခါးပေါက်တွင် တစ်စုံတစ်ခုကန့်လန့်ခံနေသည်။
ရွှေ့မသွားပါ။"
ကျွန်ုပ်ကြည့်လိုက်သည့်အခါ
အထုပ်မည်းမည်းတစ်ထုပ်။
ထိုနေရာတွင် ထိုအထုပ်ကြီးရောက်နေကြောင်းကို ကျွန်ုပ်မသိပါ။
အလွန်အရုပ်ဆိုးသောအထုပ်။
ကိုင်ရမည်ကိုရွံ့နေသည်။
အထဲကိုကျွန်ုပ်ကြည့်လိုက်သောအခါ
အချဉ်နံ့ပေါက်သည့်ခွင့်မလွှတ်ခဲ့သော
အမှားတစ်ခုကိုတွေ့လိုက်ရသည်။
ထိုအထုတ်ကို ကျွန်ုပ်တွန်းဖယ်လိုက်သည်။
တံခါးကိုခပ်ကျယ်ကျယ်ဖွင့်လိုက်သည်။
ထိုအခါအလင်းရောင်ဝင်လာသည်။
ယေရှုရှေ့သို့လှမ်းလာပြီး ကျွန်ုပ်ကိုနူတ်ဆက်သည်။

ခါးသီးသောစိတ်ထား၊ ကြင်နာမှုမရှိသောအတွေးများသည် ဘုရားသခင်ထံမှ ယုံကြည်သူများအပေါ်သို့ သွန်းလောင်းသောကောင်းကြီးမင်္ဂလာကို အကြီးအကျယ်အဟန့်အတားဖြစ်စေသည်။ ကျွန်ုပ်တို့၏အတွေးအခေါ်သည် သူတစ်ပါးတို့အပေါ် မဖြူစင်ခြင်း၊ နာကျည်းခြင်းနှင့်မခံမရပ်နိုင်သော စိတ်ထားများအားလုံးဖျောက်ဖျက်ပစ်မှသာ ဘုရားသခင်က ကျွန်ုပ်တို့၏ဆုတောင်းသံကို နားညောင်းမည်ဖြစ်၏။

(၆) တန်ပြန်သည့်အန္တရာယ်

(ဒေးဗစ်ဟားဘတ်)ရေးသည့် "ဆုတောင်းခြင်း၌ ကြုံရတတ်သောပြဿနာ" ဟူသည့်စာအုပ်တွင် "အသက်တာသည် တစ်ခါတစ်ရံတစ်ဦးနှင့်တစ်ဦး လက်သီးထိုးလေ့ကျင့်သည်နှင့်တူပြီး တစ်ခါတစ်ရံမှုအလဲထိုးရသည့် ရန်ပွဲနှင့်တူသည်။ ကျွန်ုပ်တို့၏သဘောသဘာဝမှာသူက တစ်ချက်ထိုးလျှင် ကိုယ်ကလည်း တစ်ချက်ပြန်ထိုးချင်သည်။ သူက ကျွန်ုပ်အားဘုကျလျှင် ကျွန်ုပ်ကလည်းသူ့ကိုမခေါ်တော့ပါ။ အရေးမစိုက်တော့ပါ။ သူက ကျွန်ုပ်ကိုအပြစ်ဖို့လျှင် ကျွန်ုပ်ကလည်း သူ့ထံသို့ ထိုအပြစ်ကိုချက်ခြင်းပြန်ဖို့မည်။ ကျွန်ုပ်တို့ ထိပ်တိုက်ရင်ဆိုင်၍ ရန်တွေ့တတ်ကြသည်။"

သူတစ်ပါးအပြစ်ကို ခွင့်မလွှတ်သည့် အန္တရာယ်သည် ဤတန်ပြန်သည့်အန္တရာယ်နှင့် အလွန်တူကြသည်။ အကြောင်းခြင်းဆက်နွယ်မှုရှိပေသည်။ ဂလဲ့စားချေတန်ပြန်တတ်သည့်အန္တရာယ်သည် "ငါ့အသက်တာလုံး သင့်ကိုငါမကြေဘူး" ဟူသော သဘောထားရှိသည်။

မိမိကိုယ်ကိုဖွံ့ဖြိုးတိုးတက်အောင်ပြုရေးကို အဟန့်အတားဖြစ်စေသည့် အကြီးမားဆုံးသောပြဿနာမှာ ထိုအရာများအတွက် အချိန်ပေးရခြင်းဖြစ်သည်။ တစ်ဦး၏အမှားကို မခံနိုင်ဘဲ အပြစ်ပေးလိုစိတ်၊ ဂလဲ့စားချေလိုစိတ်များကြောင့် အချိန်တွေကုန်ဆုံးရခြင်းဖြစ်သည်။ အကယ်၍လူတစ်ယောက်သည် သူတစ်ပါးက သူ့ကိုထိခိုက်စေသည့်အချက်ကို တစ်ချိန်လုံးရေတွက်ပြီး ပြန်ဂလဲ့စားချေ၊ အစားပြန်ရရန်စီမံကိန်းထုတ်နေလျှင် သူ၌ဘုရားသခင်အတွက် အလုပ်လုပ်ချိန်ရှိတော့မည်မဟုတ်ပါ။ ဝိညာဉ်ရေးဘက်အာရုံပြု၍လည်းမရတော့ပါ။ ထို့ကြောင့် ဤအန္တရာယ်များကို ကျော်လွှားနိုင်ရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပိုမိုလေ့လာခြင်းနှင့် ဆုတောင်းခြင်း ပိုမိုအားကြိုးခြင်းတို့အားဖြင့် ကျွန်ုပ်တို့၌ရှိသော တန်ခိုးကိုတိုးပွားအောင်ပြုရန် လိုအပ်ပေသည်။

# အပိုင်း (၃)

# သန့်ရှင်းစွာနေခြင်း၏တန်ခိုး

လူတစ်ယောက်သည် ဗုဒ္ဓဟူးနေ့စည်းဝေးတိုင်း၌ "အိုဘုရား - ကျွန်ုပ်ကို ကိုယ်တော်၏ဝိညာဉ်တော်နှင့် ပြည့်ဝစေပါ"ဟု အော်ပြီး အခါခါဆုတောင်းတတ်သည်။ ထိုဆုတောင်းသံကို သူ၏ဇနီးကမကြာခဏကြားရသောကြောင့် နောက်ပိုင်းနားငြီးလာ၍ "ဘုရားသခင်သူ့ကိုမဖြည့်ပေးပါနှင့်။ သူသည် နူတ်မလုံပါ။ လျှို့ဝှက်ချက်များကို ပေါက်ကြား စေတတ်သူဖြစ်၏"ဟု သူ၏ဇနီးက တစ်မျိုး ဆုတောင်းပြန်သည်။

အချို့ခရစ်ယာန်များသည် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ထံမှရသည့် ကောင်းကြီးမင်္ဂလာနှင့်ပြည့်ဝရန် သူတို့၌ အဆင်သင့်မရှိကြသေးပါ။ ဘုရားသခင်သွန်းလောင်းလိုက်သောအခါ ခဏသာရပြီး တာရှည်မခံနိုင်။ အကြောင်းမှာ သူတို့၏ခွက်ဖလား၌ အနာအဆာပါနေသောကြောင့်ဖြစ်၏။ အမှန်မှာ ဘုရားသခင်သည် မိမိရှိနေတော်မူသည့်အဖြစ်ကို ထည့်ပေးဖို့ ခွက်ဖလားများကို လိုက်ရှာနေသော်လည်း အနည်းငယ်ကိုသာ တွေ့ရသည်။ (မိုင်စတာဂျိုဟားနပ်အက်ဟပ်)က ဤအကြောင်းကိုလိုရင်းတိုရှင်းနှင့် ပြောထားသည်။ "ဘုရားသခင်က အဆင်သင့်ရှိနေသူကို တွေ့သည်နှင့် တစ်ပြိုင်တည်း မိမိကိုယ်ကို သွန်းလောင်းရန် သတ်မှတ်ထားပြီးပါပြီ။"

ဤနေရာတွင် ခေတ်အဆက်ဆက် မှန်ကန်နေသည့် သမ္မာတရားတစ်ရပ်ကို တင်ပြပါမည်။ ဘုရားသခင်သည် သူအသုံးပြုနိုင်မည့်သူကို လိုက်ရှာနေသည်။ ထိုသူသည် လူအများထံရောက်နိုင်ရမည်။ ဆုတောင်းခြင်းတွင် တမူထူးခြားသူဖြစ်ရမည်။ (ဟေရှာယ၊ ၁၂) ထိုသူတို့ကို ဟေရှာယက "သန့်ရှင်းသောသူများ"ဟု ခေါ်သည်။ စိတ်မကောင်းဖွယ်ရာအချက်မှာ "များစွာသောလူတို့သည် မိမိတို့၏ဝိညာဉ်ကို ဆေးကြောခြင်းမပြုဘဲနှင့် အခွင့်ရတိုင်း ဆုတောင်းလိုစိတ်ရှိကြသည်"ဟု ကျော်ကြားသောစာရေးဆရာတစ်ဦးကပြောသည်။

မိမိ၏ ဝိညာဉ်ကိုဆေးကြောသန့်စင်ခြင်းဟူသော ဘာသာရပ်ကို ဤဆုတောင်းခြင်းကျောင်းမှ အထူးဂရုစိုက်သင်ကြားပေးပါသည်။ ဆုတောင်းသောသူ၏ဝိညာဉ်ရေးရာအဆင့်ပေါ်၌သာမူတည်၍ ဆုတောင်းခြင်း၏တန်ခိုးသက်ရောက်ပါ၏။

(လင်းနက်လဗင်ဟေး)က "ဆုတောင်းခြင်းကို တွန်းအားပေးသည့်တစ်ခုတည်းသောအချက်မှာ ဝိညာဉ်ရေးရာအခြေအနေပင်ဖြစ်သည်။ ဤသဘောကိုနှလုံးသွင်းလျက် သန့်ရှင်းစွာနေခြင်း၏အနက်ဖွင့်ဆိုချက်များကို စီစစ်ကြပါစို့။"

### (၁) သန့်ရှင်းစွာနေခြင်းသည် ကမ္ဘာလောကနှင့်လုံးဝသီးခြားနေခြင်းဖြစ်သည်။

ခရစ်ယာန်များသည် ကမ္ဘာလောကထဲတွင် နေသောသူများ၏အအကြောင်းကို နားလည်ရန် လောကသားများကဲ့သို့ နေထိုင်အသက်ရှင်ရမည်ဟူသည့်စကားသည် ဝမ်းနည်းဖွယ်ကောင်း၍ ဉာဏ်များသော ဆင်ခြေတစ်ရပ်ဖြစ်ပါသည်။ လိမ္မာစွာ လှည့်ဖြားသောစကားဖြစ်သည်။ ဤစကားကို သဘောတူသောသူများက ယေရှုသည် အခွန်ခံများနှင့် အပြစ်သားများထံသို့ သွားရောက်အမှုဆောင်သည့်ကိစ္စများကို ထောက်ပြကြသည်။ ကိုယ်တော်သည် လောကရေးရာပြဿနာများကို ပါဝင်ဖြေရှင်းပေးသည်ဟု ဆိုကြပါသည်။ ဤအချက်သည် သခင်ဘုရား၏ အမှုတော်အပေါ်နားမလည်၍ပြောခြင်းဖြစ်သည်။ လောကထဲတွင် အမှုဆောင်ရန်အတွက် လောကသားများကဲ့သို့ အသက်ရှင်ရန်လုံးဝမလိုအပ်ပါ။ အာဖြဟံကို လောတနှင့်နှိုင်းယှဉ်ကြည့်ပါ။ လောတရွေးသောနေရာသည် လူတို့လှုပ်ရှားသော နေရာ

ဖြစ်ပြီး အာဖြဟံသည် သူတို့နှင့်အလွန်ဝေးသည့်ဆိတ်ငြိမ်သောတောင်ကုန်းပေါ်တွင်နေသည်။ လောတရင်ဆိုင်ရတော့မည့်ပျက်စီးရမည့် ဘေးဒုက္ခမှ ကင်းလွတ်ရန် အလွန်တန်ခိုးပါသောဆုတောင်းခြင်းကို ပြုရသောအခွင့်ကို ရရှိသွားသူမှာ အာဖြဟံ သာဖြစ်ပါသည်။ ဤကမ္ဘာလောကတွင် သန့်ရှင်းစွာနေခြင်းဆိုသည်မှာ လောကသားတို့နှင့် တသီးတခြားနေခြင်းဖြစ် သည်ဟူသည့် သင်ခန်းစာကို အာဖြဟံရသွားသည်။

## (၂) သန့်ရှင်းစွာနေခြင်းသည် လူဟောင်းကိုချွတ်ပယ်ခြင်းဖြစ်သည်။

အက်ဖ်-ဂျေ-ဟူဂဲလ်က "လူတို့ဆုတောင်းရာတွင် ကျေနပ်မှုမရှိခြင်းနှင့် ဆုတောင်းခြင်းအသက်တာသည် လည်း ဆွဲဆောင်မှုမရှိဟုထင်မြင်ယူဆကြသည့်အကြောင်းမှာ ကောင်းကင်နိုင်ငံနှင့်ဆိုင်သောနေရာသို့ ထိုသူတို့သည် ယခင်လူဟောင်း၏ခွန်အားနှင့်သွားလာနေကြသောကြောင့်ဖြစ်သည်။ လူဟောင်းသည် ဘုရားသခင်အားဖြင့် ခွန်အား ပေးသောဤလက်နက်ကြီးကိုမဝှေ့ရမ်းနိုင်ပါ။ ထိုသူသည် သူ့ရန်သူကိုချစ်နိုင်ရမည်။ အစဉ်ဝမ်းမြောက်သောသူဖြစ်ရ မည်။ ခရစ်တော်၌ရှိသည့် စိတ်သဘောသည် သူ၌ရှိရမည်။ ခရစ်ယာန်တို့ ယုံကြည်သည့်ကျေးဇူးတော်ကို ပြည့်ဝစေရ မည်။ ဤဒုတိယအချက်ကို ဆွေးနွေးရာ၌ (putting off) ချွတ်ပယ်ရန်ဟူသည့်စကားသည် ကျွန်ုပ်တို့ပြုရမည့်တာဝန် ဖြစ်သည်။ ဘုရားသခင်၏တာဝန်မဟုတ်ပါ။ အချုပ်ပြောရလျှင် လူတို့နောင်တရသောအခါ ဘုရားသခင်က ခွင့်လွှတ် သည်။ ကျွန်ုပ်တို့ဘက်ကလုပ်ဆောင်ရန် လိုအပ်ပေသည်။"

## (၃) မိမိတို့တစ်ယောက်တည်းရှိနေစဉ်တွင် သစ္စာရှိစွာနေခြင်းသည်လည်း သန့်ရှင်းစွာနေခြင်းမည်၏။

စိန့်မွန်တိမ်းက "လူသည်တစ်ယောက်တည်းနေစဉ် မှန်မှန်ကန်ကန်နေရန် အရေးကြီးသည်။ လူတိုင်းမိမိ ကြိုက်နှစ်သက်သည့်အရာလုပ်နိုင်သည်။ သို့သော် အတွင်းသဏ္ဍာန်မှုကား စည်းကမ်းရှိရမည်။ သူ့အတွက် အခွင့် အရေး အားလုံးရသည့်နေရာ၊ အရာအားလုံးဖုံးကွယ်သည့်နေရာ၌ပင် သူ့အတွင်းစိတ်၌စည်းကမ်းရှိလျှင် ၎င်းသည် သန့်ရှင်းစွာနေခြင်းဖြစ်သည်။" ထို့ပြင် သန့်ရှင်းစွာအသက်ရှင်ခြင်း၌ ကျွန်ုပ်တို့၏ကိုယ်ပိုင်အားလပ်ချိန်ကို မည်ကဲ့သို့ သုံးသည့်အချက်လည်းပါသည်။ ကျွန်ုပ်တို့အနားတွင် မည်သူမျှမရှိသည့်အချိန် ကျွန်ုပ်တို့ကို စောင့်ကြည့်မည့်သူများ မရှိချိန်တွင် မိမိ တို့၏စိတ်အတွေးနှင့်လုပ်ဆောင်ချက်များ ဖြူစင်သန့်ရှင်းဖို့အရေးကြီးသည်။

## (၄) သန့်ရှင်းစွာနေခြင်းသည် အညစ်အကြေးကင်းစင်ပြီး ဘုရားအတွက် အဆင်သင့်ဖြစ်နေခြင်းဖြစ်သည်။

၁၄ရာစုနှစ် ဂျာမန်လူမျိုး(ဖာရောရာဂျိုးဟန်-တူလာ)က "ဤလောကကြီးတွင် ဘုရားသခင်လိုချင်သည့်အရာ တစ်ခုတည်းသာရှိသည်။ ၎င်းမှာ အညစ်အကြေးကင်းစင်ကာ ဘုရားအတွက် အဆင်သင့်ဖြစ်ပြီး ဘုရားသခင်၏စီမံ ကိန်းကိုပြီးဆုံးအောင်ဆောင်ရွက်ပေးနိုင်သူကို သူအလိုရှိသည်။ ဘုရားသခင်သည် ကောင်းကင်ဘုံနှင့်မြေကြီးပေါ်တွင် တန်ခိုးအနန္တရှိတော်မူသည်။ သို့သော်လူ၏အလိုဆန္ဒနှင့်ဆန့်ကျင်ပြီး ထိုသူအထဲ၌ ကိုယ်တော်အလုပ်ကိုလုပ်စေနိုင် သောတန်ခိုး သူ့၌မရှိရပါ။"

ယခင်စာမျက်နှာများ၌ပင် ဘုရားသခင်၏ရွေးချယ်ခြင်းအကြောင်းကို ဆွေးနွေးတင်ပြခဲ့သည်။ ယေဘူယျ အားဖြင့် သူ့ရည်ရွယ်ချက်မှာ အမှားလုပ်တတ်သော၊ လဲကျတတ်သောလူတို့ကိုသာ သူ့လုပ်ငန်းထဲတွင် အသုံးပြုရန် ရည်ရွယ်ထားသည်။ ဘုရားသခင်၏ဘုန်းအာနုဘော်တော်အားဖြင့် သူ၏ကယ်တင်ခြင်းဆုကျေးဇူးကို လူတို့အား ရွေး ချယ်ခွင့်ပေးခဲ့သည်။ လူသည်ထိုဆုကျေးဇူးကိုလက်ခံနိုင်သည် (သို့မဟုတ်) ငြင်းပယ်နိုင်ခွင့်ရှိသည်။ ထိုနည်းတူပင် ယင်းကျေးဇူးကို ထိုလူရပြီးနောက် ထိုရွေးချယ်နိုင်စွမ်းနှင့်ပင် ဘုရားသခင်၏ လုပ်ငန်းကို ပိုမိုကျယ်ပြန့် ရန်လုပ်

နိုင်သည်။ သို့ မဟုတ် ဟန့်တားနိုင်ပြန်သည်။ သူမည်ကဲ့သို့ အသက်ရှင်သည့်အပေါ် မူတည်၍ ယင်းသို့လုပ်ဆောင်သွားခြင်းဖြစ်ပါ၏။

## (၅) သန့်ရှင်းစွာအသက်ရှင်ခြင်းသည် အပြစ်ကို အပြစ်ဟုမြင်ခြင်း

လွန်ခဲ့သည့် နှစ် ၁၀၀ လောက်က စကော့လူမျိုးတရားဟောဆရာတစ်ဦးက "လူသည်သူ့ထက်ယုတ်ညံ့သိမ်ငယ်သောအရာနှင့် မခွဲခွာနိုင်သေးသရွေ့ ထိုအရာ၏ချုပ်နှောင်ခြင်းကိုခံနေရသည်"ဟု အပြစ်ကိုရည်ညွှန်းပြီးပြောသည်။ ဇာတိနှင့်အသက်ရှင်သောသူသည် အပြစ်ကြောင့်ကျဆင်းရသည်ဟူ၏။ မက်-ဒေါ်နယ်က "အပြစ်ထက်မည်သည့်အရာကမျှ မဖျက်ဆီးနိုင်ပါ။ အပြစ်သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်မိတ်သဟာယဖွဲ့ခြင်းကို ဖျက်ဆီးတတ်သည်။ သူတစ်ပါးနှင့်ဆက်ဆံရေးကိုဖျက်ဆီးသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှန်ကြောင်းမသိအောင် မျက်စိကွယ်ထားသည်"ဟု ပြောပါသည်။

စာရေးဆရာက ခရစ်ယာန်အမျိုးသမီးတစ်ယောက်နှင့်တွေ့ဆုံခဲ့ရပုံ၊ စိတ်ညစ်စရာအကြောင်းတစ်ရပ်ကို တင်ပြသွားသည်။ သူမသည် ဥပုသ်စာဖြေကျောင်းဆရာမတစ်ဦးဖြစ်ပြီး လူအများ၏ချစ်ခင်လေးစားမှုကိုခံရသူဖြစ်သည်။ စကားဝိုင်းထဲတွင် သူမသည် သံစုံသီချင်းခေါင်းဆောင်နှင့် အချစ်လွန်ကျူးသည့်ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေသည်ဟု ပြောသည်။ စကားဝိုင်းအလယ်လောက်တွင် အမှားအမှန်ဝေဖန်ပိုင်းခြားမတတ်သော ထိုအမျိုးသမီးက အမှတ်တမဲ့နှင့် "ဟုတ်ကဲ့ ကျွန်မတို့ ဇာတ်လမ်းကသင်ဖတ်ခဲ့ဖူးသော အပေါစားဇာတ်လမ်းမဟုတ်ဘူးနော်၊ ကျွန်မတို့ရဲ့အချစ်က ဘုရားသခင်ထံကလာတာပါ"ဟု ပြောသွားသည်။ ဤဖြစ်ရပ်သည် အပြစ်နှင့်ပတ်သက်၍မှားယွင်းစွာ သဘောထားတတ်သော ဥပမာတစ်ရပ်ဖြစ်သည်။ သန့်ရှင်းစွာနေခြင်းသည် အပြစ်ကိုသူ့မူရင်းအတိုင်း မြင်ရမည်။ ဘုရားသခင်နှင့်လူကို ကွဲကွာစေသည့် မသန့်ရှင်းသောအရာဖြစ်မြင်ရပါမည်။ သန့်ရှင်းစွာမနေလျှင် ကျွန်ုပ်တို့၏ဆုတောင်းခြင်း၌ တန်ခိုးအနည်းငယ်သာပါရှိမည်ဖြစ်ပါ၏။

## (၆) သန့်ရှင်းစွာနေခြင်းသည် ဘုရင်ကိုသစ္စာရှိခြင်း

ဆုတောင်းခြင်းတန်ခိုးစာအုပ်တွင် (အီး-အမ်-ဗလိတ်လော့)က "ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းရှိလူမှုရေးဖောက်ပြန်မှုများ၊ အုပ်ချုပ်သူအာဏာပိုင်တို့၏အဂတိလိုက်စားမှုများ၊ မိမိတို့ကိုယ်ကိုအထူးသိဒ္ဓိတင်အထင်ကြီးနေသည့် ဘုရားမဲ့တိုင်းနိုင်ငံများ၊ မောက်မာရမ်းကားသည့် လူနည်းစုအသိုင်းအဝိုင်းများ၊ ဇာတိမျိုးရိုးအပေါ် အယူသည်းသည့်အပြစ်များ၊ မှားယွင်းသောလူ့အဖွဲ့အစည်းများ ဤအကြောင်းများနှင့် ပတ်သက်ပြီး ဆုတောင်းပေးနိုင်သည်။ သို့သော် ကျွန်ုပ်တို့ကိုယ်ပိုင်အသက်တာ၌ ဘုရားသခင်၏အုပ်စိုးမှုကိုခံပြီး ထိုကဲ့သို့ မမှန်မကန်မှုများနှင့် ရင်ဆိုင်သောအခါ သူ့သစ္စာကိုလုံးဝစောင့်သိရှိသေသောသူဖြစ်မှသာ ယင်းသို့ဆုတောင်းပေးနိုင်ပေမည်။ ကျွန်ုပ်တို့သည် မကောင်းမှုထဲ၌ အဆင်ချောမောစွာအသက်ရှင်နေရသောအခါ၌ ဘုရားသခင်ထံမှအောင်မြင်မှုတောင်းနေလျှင် အချိန်ဖြုန်းခြင်းသာဖြစ်ပေမည်။ ကျွန်ုပ်တို့က "နိုင်ငံတော်တည်ထောင်ပါစေသော"ဟု သူတစ်ပါးအသက်တာအတွက် ဆုတောင်းနေချိန် ကျွန်ုပ်တို့ကိုယ်၌က ဘုရားသခင်စိတ်ပျက်အောင် လုပ်ဆောင်နေလျှင် ကျွန်ုပ်တို့၏ဆုတောင်းခြင်း ပြည့်စုံလာ မည်မဟုတ်ပါ။

သန့်ရှင်းစွာနေခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာအားလုံးတို့သည် သခင့်အပေါ်သစ္စာရှိခြင်း၌ပင် အရင်းတည်သည်။ ကျွန်ုပ်တို့ဘုရင့်အပေါ် သစ္စာရှိပါရဲ့လား။ ဆုတောင်းခြင်းသည် ဘုရင့်အပေါ်လုံးဝသစ္စာမပျက်ရန် အရေးကြီးကြောင်း သိသည့်ခရစ်ယာန်အတွက် အောင်မြင်မှုကိုပေးသော တန်ခိုးသက်သက်ဖြစ်ပါ၏။"

**(၇) သန့်ရှင်းစွာနေခြင်းသည် အပြစ်ကိုမုန်းခြင်း**

အမုန်တကယ်ဆက်ကပ်အပ်နှံတတ်သော ခရစ်ယာန်များ၏အသက်တာတွင် အပြစ်ကိုတသမတ်တည်း မုန်းတီးလာသည့် အချိန်သို့ရောက်လာတတ်သည်။ ဥပမာ လူတစ်ဦး၏သမီးလေးကို အဆိပ်ရှိသော ပင့်ကူကိုက်ခံရ၍ တစ်ကိုယ်လုံးအေးနေသည့်အချိန်တွင် သူ့သမီးကိုလျစ်လျူရှုထားပြီး ပင့်ကူကိုကောက်ကိုင်ကာ ပြုစုနေလျှင် ထိုသူသည် စိတ်မမှန်သူဟု ယူဆရမည်။ အမှန်မှာ သူသည် ထိုပင့်ကူကိုမုန်းပြီးကြေမွအောင် သတ်ပစ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သူအလွန်ချစ်သောသူ့သမီးကို နာကျင်စေသောကြောင့်ဖြစ်သည်။

အပြစ်သည် ကျွန်ုပ်တို့၏သခင်ကို အတော်နာကျင်စေသည်။ အပြစ်ကို ကျွန်ုပ်တို့နည်းနည်းမှ မချစ်သင့်ပါ။ သူ့ကို ကျွန်ုပ်တို့စိတ်ထဲ၌ ဘယ်တော့မှ နေရာမပေးသင့်ပါ။ ထို့ကြောင့် သန့်ရှင်းစွာနေခြင်းသည် အပြစ်ကိုမုန်းတီးမှု အစွဲကြီးမားခြင်းပင် ဖြစ်ပါသည်။

**(၈) သန့်ရှင်းစွာနေခြင်းသည် ခရစ်တော်၌ရှိသည့်ပြည့်စုံခြင်းပမာဏသို့ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။**

ခရစ်ယာန်အသင်းတော်များထဲ၌ သုံးလေ့ရှိသောစကားတစ်ခွန်းမှာ ပျက်စီးဆုံးရှုံးနိုင်သည့် "စုံလင်ပြည့်စုံသောသူတစ်ယောက်မျှမရှိ" သူတို့၏မသန့်ရှင်းသည့်အပြုအမူအနေအထိုင်များအတွက် ဆင်ခြင်ပေး ခြင်းဖြစ်သည်။ သူတို့သည် ခရစ်တော်၏ပြည့်စုံခြင်းပမာဏသို့ ကြီးရင့်လာရန်အတွက် သင်ယူကြခြင်း မရှိပေ။

"ပြည့်စုံခြင်း"ဟူသည့် စကားလုံးကို တလွဲအဓိပ္ပါယ်ကောက်ရန် လွယ်ကူလှပါသည်။ ယေရှုခရစ်က (မဿဲ၊ ၅:၄၈) "ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဖသည် စုံလင်တော်မူသည့်နည်းတူ သင်တို့သည် လည်း စုံလင်ခြင်းရှိကြလော့" ဟု မိန့်တော်မူခဲ့ပါ၏။

အောလင်ဝရန်း၏ ပြည့်စုံခြင်းအကြောင်း အနက်ဖွင့်ချက်သည် သမ္မာကျမ်းစာ၏ဆိုလိုချက်နှင့်နီးစပ်ပါသည်။ "မဖြစ်နိုင်သောဖြူစင်ခြင်း"ဟူသည့် အနက်အဓိပ္ပါယ်မဟုတ်ပါ။ လူတို့လိုက်နိုင်လောက်သည့် ဖြူစင်ခြင်းဖြစ်သည်။ အပြစ်တင်နိုင်လောက်သည့် အချက်မတွေ့ဟူ၍လည်းမဟုတ်ပါ။ "ပြီးဆုံးခြင်း"ဟူသည့် အဓိပ္ပါယ်သာ သက်ရောက်သည်။ အခြားစကားနှင့်ပြောရလျှင် "ရင့်ကျက်ခြင်းသို့ဆက်လက်ချီတက်ရန်" ဖြစ်ပါသည်။ သန့်ရှင်းခြင်းဟူသည်မှာ ခရစ်ယာန်အသက်တာတိုးတက်ဖွံ့ဖြိုးလျက် ကြီးထွားလာခြင်းသာဖြစ်ပါ၏။

(ချားလ်ဖင်နီ)က ပြည့်စုံခြင်းကို အဓိပ္ပါယ်ဖော်ရာ၌ ယေရှုခရစ်ကို လုံးဝကိုးစားပြီး ဆက်ကပ်လိုက်ခြင်းဟု အနက်ဖွင့်ထားသည်။ ခရစ်တော်ကို ယုံကြည်အားကိုးစိတ်က သူ့အားသိသိကြီးနှင့်ကျူးလွန်သောအပြစ်မှရှောင်ကြဉ်နိုင်စွမ်းကိုပေးပါ၏။ ဤနေရာတွင် (ဖင်နီ)အနေနှင့်လူ့ကာယပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချစ်ခြင်းအားလုံးနှင့် လုံးဝကင်းကင်းရှင်းရှင်းဖြစ်သွားပြီး အမှားလုံးဝမလုပ်တော့ဟူသည့်သဘောမျိုးကို မဆိုလိုပါ။ (ဖင်နီ) ကိုယ်တိုင်ကတစ်ချိန်က မိမိအပြစ်ကို တစ်ဖက်စွန်းသို့ရောက်လွန်းသည်အထိမြင်ခဲ့မိသည်။ ထို့ကြောင့် ဤသွန်သင်ချက်အား လက်မခံသူများနှင့် ပတ်သက်ပြီး ဖင်နီက ရှုံ့ချခဲ့ပါသည်။ "ဝိညာဉ်အားဖြင့် အစပြုပြီးမှ ဇာတိအားဖြင့် အပြီးသတ်စေရမည်လော့" ဟူ၍ ဖြစ်သည်။ သို့တစေသူ၏ မူလခံယူချက်မှာ ယေရှု၏ပြည့်စုံခြင်းအထိတိုင်အောင် ကြီးရင့်ပြည့်စုံလာစေရန် ဆိုလိုခြင်းဖြစ်ပါ၏။

# အပိုင်း (၄)

# သန့်ရှင်းသောဝိညာဉ်တော်နှင့် မိမိကိုယ်ကိုတိုးတက်စေခြင်း

အောက်ပါစကားသည် ကျွန်ုပ်တို့ကြားနေကျစကားဖြစ်သည်။ ***"အကူအညီရနိုင်သည့်ဘက်တိုင်းမှ ကျွန်ုပ်ယူမည်"*** အမှုတော်ကြီးပြီးဆုံးရေးအတွက်နှင့် ဝိညာဉ်ရေးရာဆင့်မြင့်တက်ရေးအတွက် လုပ်ဆောင်ကြသောခရစ်ယာန်များအနေနှင့် ရနိုင်သမျှသောအကူအညီကိုလိုကြသည်။ ဤအချက်ကြောင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်လျှောက်လှမ်းခြင်း၏အရေးကြီးပုံကို ကျွန်ုပ်တို့အလေးပေးစွဲမှတ်ထားရပေမည်။

သန့်ရှင်းသောဝိညာဉ်တော်သည် မည်သူနည်း။ အဘယ်ကြောင့် သုံးပါးတစ်ဆူဘုရား ဤတတိယပုဂ္ဂိုလ်သည် ကျွန်ုပ်တို့၏ မိမိကိုယ်မိမိရင့်ကျက်ရေးအတွက် အရေးကြီးရပါသနည်း။ သန့်ရှင်းသောဝိညာဉ်တော်ကို ယောဟန် ၁၆၅ ဥပဓ္ဈာယ်ဆရာဟု ခေါ်ထားသည်။ အဓိပ္ပါယ်မှာ **(နှစ်သိမ့်မှုကိုပေးသူ၊ ဒုက္ခကင်းငြိမ်းစေသူ)** တစ်နည်းအားဖြင့် ကူညီထောက်မသူဖြစ်ပါ၏။ ခရစ်တော်ရှိချိန်ကာလက လူတို့သည် ခရစ်တော်သုံးသည့် ဂရိစကားတစ်လုံး Paraclete (ပါရာကလီတီ)နှင့် သိကျွမ်းနေခဲ့ကြသည်။ ဤစားလုံး၏အဓိပ္ပါယ်မှာ လူတစ်ယောက်သည် တရားရုံးမှ ဆင့်ခေါ်ခြင်းခံရသောအခါ ယင်းတရားစွဲခံရသည့်လူဘက်မှနေ၍ အခြားသူတစ်ဦးမှ သူ့အမှုအတွက် လျှောက်လွှဲချက်တင်ပေး သူကိုဆိုလိုပါသည်။ ထိုသူ (တရားခံရှေ့နေ)သည် တရားခံဖြစ်သူစိတ်အေးချမ်းစေရန်အတွက် မေးခွန်းများကို ပညာသားပါပါနှင့် အားလုံးဖြေဆိုသွားပါသည်။ ဘုရားသခင်၏အသုံးတော်ခံလိုသောသူထံသို့ သန့်ရှင်းသောဝိညာဉ်တော်ဝင်ရောက်ရန်နှင့် တန်ခိုးတော်သက်ရောက်ရန်လိုအပ်သည့်အကြောင်းကို မည်သူမျှ ခပ်ပေါ့ပေါ့သဘောမထားသင့်ပါ။ (ချားလ်စပါဂျင်)က ***"ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို မရရှိလျှင် သူ့ကိုနေရာမပေးလျှင် မိမိတို့သည် သွေးအေးလာမည်။ မသန့်မရှင်းဖြစ်လာမည်။ လောကီဆန်လာမည်။ သေးနုတ်သိမ်ငယ်သွားကြမည်။ အကွဲအပြဲများမည်။ ဆိုးကျိုးအမျိုးစုံ ဖြစ်လာပေမည်။ စာတန်ဝမ်းမြောက်မည်။ ခရစ်တော်၏နာမရှုတ်ချခံရမည် ဖြစ်ပေသည်"*** အသင်းတော်သမိုင်းကို ပြန်ကြည့်လျှင် ဘုရားသခင်နှင့်ဆိုင်သော ဝိညာဉ်ရေးရာကြီးရင့်သူများက အခြားခရစ်ယာန်များကို သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝစေဖို့ တိုက်တွန်းကြကြောင်း ထင်ရှားပေသည်။ (ဆင်မြူရယ်-ချာဝိစ်)၏ တရားစကားတွင် ***"ပြန်သွားပါ။ အထက်ခန်းသို့ပြန်သွားပါ။ ဒူးထောက်ပါ။ မိမိစိတ်နှလုံးနှင့် အမူအကျင့်များကို ပြန်ဆန်းစစ်ပါ။ အတွေးအခေါ် အကြံအစည်နှင့် အသက်တာကိုပြန်စဉ်းစားပါ။ တောင်းပန်ပါ။ ဆုတောင်းပါ။ ဘုရားသခင်၏ဝိညာဉ်အလင်းသင့်ကို လွှမ်းသည်အထိ စောင့်ဆိုင်းပါ။ ထိုအခါသင်သည် အထက်အရပ်ကတန်ခိုးကို ခံယူရရှိလာမည်ဖြစ်သည်။"***

ဤသို့သော ဆက်သွယ်မှုမျိုးကို ဒီ-အယ်-မူးဒီ မှ ရှာ၍တွေ့ရှိသွားခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် အဟန်ပြင်းစွာတွေ့ကြုံကြီးမားသောဆုံဆည်းရခြင်းက မူးဒီကို ရိုးရိုးတရားဟောဆရာတစ်ဦးအဖြစ်မှ ယခုခေတ် အကောင်းဆုံးဧဝံဂေလိဆရာတစ်ဦးအဖြစ်သို့ ပြောင်းလဲလိုက်သည်။ ချီကာဂိုမြို့ကြီး မီးလောင်သောအခါ မူးဒီတို့ ဘုရားရှိခိုးကျောင်းလည်းပါသွားသည်။ မူးဒီအလွန်စိတ်အနှောင့်အယှက်ဖြစ်ပြီး ထိုဘုရားကျောင်းပြန်လည်တည်ဆောက်ရန် ရံပုံငွေရှာရန် နယူးယောက်သို့ ငွေရှာသွားသည်။

ဤတွင် ဘုရားသခင်က မူးဒီနှင့်ဆက်သွယ်ပြီး သူ့၌လိုအပ်နေသော ဝိညာဉ်တန်ခိုးကို အမှန်တကယ်ရရှိလာအောင် ပြုလုပ်ပေးတော်မူ၏။ နောက်ပိုင်းမှ ဤအတွေ့အကြုံအကြောင်းကို မူးဒီအနည်းငယ်ပြောပြသည်။ ***"ကျွန်ုပ်၏စိတ်ထဲတွင် ဘုရားကျောင်းအတွက် ငွေတောင်းလိုစိတ် မရှိတော့ပါ။ တောင်းပန်သမှုလည်းမပြုတော့ပါ။ တစ်ချိန်လုံး***

***ကျွန်ုပ်ကို ဘုရားသခင်၏ဝိညာဉ်နှင့် အပြည့်အဝသွန်းလောင်းပါ"*** ဟူ၍သာ တောင်းနေ၏။ တစ်နေ့ နယူးယောက်မြို့တွင် ကျွန်ုပ်အပေါ်သို့ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်အပြည့်အဝသွန်းလောင်းပေးပါသည်။ ထိုနေ့အကြောင်းကို ကျွန်ုပ်ရှင်းမပြတတ်တော့ပါ။ သို့သော် ကျွန်ုပ်တစ်ခါတစ်ရံ ဤအကြောင်းကို ညွှန်းဆိုလေ့ရှိပါ၏။ ဤအတွေ့အကြုံသည် ကျွန်ုပ်အတွက် အထွတ်အမြတ်ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ဒီအယ်မူးဒီသည် သူအမှုတော်ဆောင်ခဲ့သမျှ အားလုံးမှတ်ကျောက်သဖွယ်ဖြစ်သွားသည်။ သူ၏ဟောပြောချက်များမှာ ယခင်အတိုင်းဖြစ်သော်လည်း ရလဒ်ကား ထူးခြားလှသည်။ **"သူ့အတွေ့အကြုံကို အဘယ်ကြောင့်အသေးစိတ်မပြောသနည်း"**ဟုမေးလျှင် **"ရှင်ပေါလုပင်လျှင် ၁၄ နှစ်လုံးလုံး ဘာမျှ မပြောပဲနေခဲ့ သည်"** ဟုပြန်ရှင်းပြသည်။ ဘုရားသခင်က သူ့ကို တစ်နည်းတစ်လမ်းနှင့်ဖော်ပြတော်မူရာ၌ ဘုရားသခင်၏ လက်တော်ကို ဆိုင်းငံ့ထားဖို့တောင်းပန်ခဲ့ရသည်။ ထိုသို့မဟုတ်လျှင် ဘုရားသခင်၏ဘုန်းတော်ကြောင့် သူသေရမည် ဖြစ်ခြင်းကြောင့်ပေတည်း။

ဖင်နီသည်လည်း ယင်းအတွေ့အကြုံမျိုးရှိပြီး မူးဒီနည်းတူထိုအကြောင်းကို ပြန်လည်ပြောပြရန် အခက်ကြုံခဲ့ရသည်။ ဖင်နီသည် ဥပဒေကျွမ်းကျင်သူမှ ဧဝံဂေလိအမှုတော်ဆောင်ဖြစ်လာသူဖြစ်သည်။ **"သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်ကိုယ်နှင့် ဝိညာဉ်ထဲသို့ ဖြတ်စီးသွားသည်။ မေတ္တာရေလှိုင်းများ တစ်လုံးပြီး တစ်လုံးဝင်ရောက်လာသကဲ့သို့ ဖြတ်စီးသွားသည်။ ဘုရားသခင်၏အသက်ရှူသံကိုကြားရသကဲ့သို့ ခံစားရသည်။ အလွန်ကြီးမားသော အတောင်ကြီးများနှင့် ရိုက်ခတ်ခံနေရသကဲ့သို့လည်း ထင်ထင်ရှားရှား ပြန်လည်မြင်ယောင်မိသည်"** ဟု ပြောပါသည်။

(လီအိုနတ် - ရာဗင်ဟေး)က "မိမိတို့တကယ်ပင် ကမ္ဘာကြီးကိုပြောင်းလဲစေလိုသော စိတ်ဆန္ဒရှိလျှင် အထက်ပါအတိုင်းသန့်ရှင်းသောဝိညာဉ်တော်၏ အတွေ့အကြုံလိုအပ်ပေသည်။ အချို့ခရစ်ယာန်များအနေနှင့် သူတို့မည်သည့်အချိန်က ကယ်တင်ခြင်းခံခဲ့ရသည်ကို မသိကြပါ။ သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်မီးအားဖြင့် ဗတ္တိဇံခံသောသူများအနေနှင့်မည်သည့်အချိန်က ထိုသို့ဖြစ်ခဲ့သည်ကို သူတို့ကောင်းကောင်းသိကြသည်။ ထိုကဲ့သို့ ဝိညာဉ်တော်နှင့်ပြည့်ဝသောသူများမှ ဘုရားသခင်အတွက် တိုင်းနိုင်ငံများကို တုန်လှုပ်စေပါသည်။ သူတို့သည် (ဝက်စလေ)ကဲ့သို့ ဝိညာဉ်တော်အားဖြင့် မွေးဖွားပြီး ဝိညာဉ်ပကတိ၌ ကျင်လည်အသက်ရှင်သည်။ မော်တော်ကားသွားရန် အလွန်ပူသည့် မီးအရှိန်မရှိလျှင် ဘယ်တော့မှရွေ့သွားမည်မဟုတ်ပါ။ အချို့သောသူတို့မရွေ့လျား မလှုပ်ရှားနိုင်ကြခြင်းမှာလည်း သူတို့၌အားလုံးရှိပြီး မီးအပူရှိန်မရှိခြင်းကြောင့်တည်း။

ဆုတောင်းခြင်းကျောင်းမှ ကျောင်းသားအနေနှင့် ဤတန်ခိုးကို မသိသေးသည့်အပြင် ဤတန်ခိုးအားဖြင့်ဖြစ်ပေါ်လာသော ကရုဏာအကြောင်းကိုလည်း သဘောမပေါက်သေးလျှင် ဆုတောင်းသည့်အခန်းကျဉ်းကလေးထဲတွင် တစ်ဦးတည်းတံခါးပိတ်ထားပြီး မီးအပူရှိန်ကျလာသည်အထိ စောင့်မျှော်နေရမည်ဖြစ်သည်။ ဖင်နီ၊ ချက်ဝစ်၊ မူးဒီနှင့် မာရေတို့ပြောခဲ့သော ပျောက်ဆုံးဝိညာဉ်များအတွက် ခံစားရသည့်စိုးရိမ်ပူပန်မှုများက မိမိအားလောင်ကျွမ်းဝါးမျိုသွားသည့်တိုင်အောင် စောင့်စားနေရမည်သာဖြစ်ပါတော့သည်။